**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၅ / ၂၀၀၅**
**ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်**
**( ၂၀၀၅ ခုနှစ်၊ ဧပြီလ ၇ ရက် )**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ပမှတင်သွင်းသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန်အစာကို စစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

ဤအမိန့်သည် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန်အစာကို မြန်မာနိုင်ငံအတွင်းဖြတ်သန်းသယ်ဆောင်၍ Transit Trade စနစ်ဖြင့် တင်သွင်း တင်ပို့ခြင်း ကိစ္စရပ်များပါ သက်ဆိုင်အကျုံးဝင်သည်။

## အခန်း ( ၁ )
## ပြည်ပမှတင်သွင်းသော တိရစ္ဆာန်ကိုစစ်ဆေးခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ဤမှနောင်တွင် ဦးစီးဌာန ဟူ၍ခေါ်ဝေါ်သုံးနှုန်းမည်)သည် ပြည်ပ မှတင်သွင်းသော တိရစ္ဆာန်တွင် ကူးစက်ရောဂါကင်းရှင်းခြင်း ရှိ မရှိ စစ်ဆေးရမည်။

၂။ ပြည်ပမှ တိရစ္ဆာန်တင်သွင်းခွင့် လိုင်စင် သို့မဟုတ် ပါမစ်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန၊ အဖွဲ့ အစည်းသည် လိုင်စင် သို့မဟုတ် ပါမစ်ထုတ်ပေးခြင်းမပြုမီ ဦးစီးဌာန၏ သဘောထားမှတ်ချက်ကိုတောင်းခံရယူရမည်။

၃။ ပြည်ပမှတိရစ္ဆာန်တင်သွင်းလိုသူသည် ဦးစီးဌာနက သဘောထားမှတ်ချက်ထုတ်ပြန်ပေးနိုင်ရန် သတ်မှတ်ထားသောပုံစံတွင် ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါတို့ကိုပူးတွဲလျက် ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ပြည်ပမှတင်သွင်းမည့်တိရစ္ဆာန်၏ မျိုးရိုးဆိုင်ရာနှင့် ထုတ်လုပ်မှုစွမ်းရည်ဆိုင်ရာ အချက် အလက် အထောက်အထားများ၊

(ခ) ပြည်ပမှတင်သွင်းမည့်တိရစ္ဆာန်တွင် ဦးစီးဌာနကသတ်မှတ်ထားသည့် ကူးစက်ရောဂါကင်း ရှင်းကြောင်း တင်ပို့မည့်နိုင်ငံမှ ယင်းကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော တိရစ္ဆာန်ဆေးကုဆရာဝန်က ထုတ်ပေးသည့် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်၊

(ဂ) ဦးစီးဌာနက ကိစ္စရပ်တစ်ခုချင်းအလိုက်တောင်းခံသည့် အခြားလိုအပ်သော အချက်အလက် အထောက်အထားများ။

၄။ ပြည်ပမှတိရစ္ဆာန်တင်သွင်းလိုသူသည် -

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် လေဆိပ်၊ သင်္ဘောဆိပ် သို့မဟုတ် စစ်ဆေးရေး စခန်းမှသာ တိရစ္ဆာန်ကို တင်သွင်းရမည်။

(ခ) ဦးစီးဌာနက တိရစ္ဆာန်အမျိုးအစားအလိုက် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) မြန်မာနိုင်ငံသို့ ပြည်ပမှတင်သွင်းမည့်တိရစ္ဆာန် ရောက်ရှိမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ၁၄ ရက် ကြိုတင်၍ ရောက်ရှိမည့်နေ့ရက်နှင့်အချိန်၊ ရောက်ရှိမည့်ဒေသကို ဖော်ပြလျက် ဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ စာဖြင့်ဖြစ်စေ အကြောင်းကြားရမည်။

၅။ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အကောက်ခွန်ဦးစီးဌာန တာဝန်ရှိဝန်ထမ်းသည် ကုန်စာရင်းရရှိသည့်အခါ ပြည်ပမှတင်သွင်းသော တိရစ္ဆာန်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဦးစီးဌာနတာဝန်ခံအရာရှိသို့ အသိပေးရမည်။

၆။ လေယာဉ်မှူး၊ သင်္ဘောကပ္ပတိန်၊ မော်တော်ယာဉ်တာဝန်ခံ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် သယ်ဆောင်လာသူသည်-

(က) မိမိသယ်ဆောင်လာသည့် တိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတိရစ္ဆာန်နှင့်သက်ဆိုင်သောပစ္စည်း တစ်ခုခုကိုဖြစ်စေ ဦးစီးဌာန တာဝန်ရှိတိရစ္ဆာန်ဆေးကုဆရာဝန်၏ ခွင့်ပြုချက်မရဘဲ မြန်မာ ပြည်နယ်နိမိတ် ပိုင်နက်အတွင်း မချရ။

(ခ) မိမိသယ်ဆောင်လာသည့် တိရစ္ဆာန်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဦးစီးဌာန

တာဝန်ရှိတိရစ္ဆာန်ဆေးကုဆရာဝန်ထံ ပေးအပ်ရမည်။
(ဂ) သယ်ဆောင်လာသည့်ယာဉ်ပေါ်ရှိ တိရစ္ဆာန်ထားရှိသောနေရာသို့ ဦးစီးဌာနတာဝန်ရှိတိရစ္ဆာန်ဆေးကုဆရာဝန်က တက်ရောက်စစ်ဆေးခြင်းကို ခံယူရမည်။
(ဃ) သယ်ဆောင်လာသည့်ယာဉ်၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယာဉ်တစ်ခုလုံးကိုဖြစ်စေ ပိုးသတ်သန့်စင်ရန် ဦးစီးဌာနတာဝန်ရှိတိရစ္ဆာန်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။
(င) မိမိသယ်ဆောင်လာသည့်တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဦးစီးဌာန၏ ပြန်လည်သယ်ယူသွားရန် ညွှန်ကြားချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။
(စ) ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ဦးစီးဌာနတာဝန်ရှိတိရစ္ဆာန်ဆေးကု ဆရာဝန်၏ အခြားညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၇။ ပြည်ပမှတိရစ္ဆာန်တင်သွင်းသူသည် ဦးစီးဌာန၏ စစ်ဆေးမှုကိုခံယူရန်အလို့ငှာ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-
(က) ပြည်ပမှ တင်သွင်းရောက်ရှိလာသည့် တိရစ္ဆာန်ကို ဦးစီးဌာန တာဝန်ရှိတိရစ္ဆာန်ဆေးကု ဆရာဝန်က ခွင့်ပြုသောယာဉ်ဖြင့် သတ်မှတ်သောလမ်းကြောင်းအတိုင်း သတ်မှတ်ထား သည့်နေရာသို့ သယ်ဆောင်ပြီး သီးသန့်ခွဲခြားထားရမည်။
(ခ) ပြည်ပမှ တင်သွင်းရောက်ရှိလာသည့်တိရစ္ဆာန်ကို သီးသန့်ခွဲခြားထားရှိရန် သတ်မှတ် ထားသည့်နေရာတွင် သတ်မှတ်ထားသည့်ကာလအပိုင်းအခြားအထိ ထားရှိရမည်။
(ဂ) အပိုဒ်ခွဲ (ခ)ပါအတိုင်း ထားရှိစဉ်ကာလအတွင်း ယင်းတိရစ္ဆာန်ကို ကျွေးမွေးခြင်း၊ စောင့်ရှောက်ခြင်း၊ လိုအပ်သောဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုပြုခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကုသခြင်းနှင့် လိုအပ်ချက်အရဆောင်ရွက်ရသော အခြားလုပ်ငန်းများအတွက် သတ်မှတ် ထားသည့်အခကြေးငွေကို ပေးဆောင်ရမည်။
(ဃ) အပိုဒ်ခွဲ (ခ)ပါအတိုင်း ထားရှိသောတိရစ္ဆာန်ကို ဦးစီးဌာနတာဝန်ရှိတိရစ္ဆာန်ဆေးကုဆရာဝန်ကသတ်မှတ်သည့်ရက် သတ်မှတ်သည့်အချိန်တွင် ပြန်လည်သယ်ယူရမည်။ သတ်မှတ်သည့် ရက်တွင် ပြန်လည်သယ်ယူရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် ရက်လွန်ကြေးကိုပါ ပေးဆောင်ရမည်။

၈။ ဦးစီးဌာနသည် အပိုဒ် ၇၊ အပိုဒ်ခွဲ(ဃ)အရ သယ်ယူရန်သတ်မှတ်ထားသောရက်မှ ရက်ပေါင်း ၆၀ ပြည့်သည့်နေ့အထိ ပြည်ပမှတိရစ္ဆာန်တင်သွင်းသူက တိရစ္ဆာန်ကိုပြန်လည်သယ်ယူရန် ပျက်ကွက်လျှင်-
(က) မိမိ၏ အစီအစဉ်ဖြင့် တိရစ္ဆာန်အားလုံးကို ရောင်းချနိုင်သည်။
(ခ) အပိုဒ်ခွဲ(က)အရရောင်းရငွေမှ ရရန်ပိုင်ခွင့်ရှိသော အခကြေးငွေများကိုခုနှိမ်ရယူ၍

ပိုငွေကိုသာ ပြည်ပမှတိရစ္ဆာန်တင်သွင်းသူအား ပြန်လည်ထုတ်ပေးရမည်။
(ဂ) အပိုဒ်ခွဲ (က)အရ ရောင်းရငွေသည် ရရန်ပိုင်ခွင့်ရှိသောအခကြေးငွေထက်နည်းပါက လိုငွေကို ပြည်ပမှတိရစ္ဆာန်တင်သွင်းသူအား ထပ်မံပေးသွင်းစေရမည်။

၉။ ပြည်ပမှတိရစ္ဆာန်တင်သွင်းသူသည်-
(က) ပြည်ပမှ တင်သွင်းရောက်ရှိလာသည့်တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဦးစီးဌာနတာဝန်ရှိတိရစ္ဆာန်ဆေးကုဆရာဝန်၏ ပြည်တွင်းသို့ ဆက်လက်သယ်ယူခြင်းမပြုရန် တားမြစ်ခြင်း၊ ယာယီထိန်းသိမ်းခြင်း၊ ပြန်လည်သယ်ယူ သွားစေခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်းနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်တို့ကို လိုက်နာ ဆောင်ရွက်ရမည်။
(ခ) ပြည်ပမှ တင်သွင်းလာသည့်တိရစ္ဆာန်တွင် ကူးစက်ရောဂါကင်းရှင်းကြောင်း ဦးစီးဌာနက ထုတ်ပေးသည့် ထောက်ခံချက်လက်မှတ်ရရှိမှသာ ပြည်တွင်းသို့ဆက်လက်သယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရမည်။
(ဂ) ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ဦးစီးဌာနတာဝန်ရှိတိရစ္ဆာန်ဆေးကု ဆရာဝန်၏ အခြားညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

## အခန်း ( ၂ )
## ပြည်ပမှတင်သွင်းသော တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန်အစာကိုစစ်ဆေးခြင်း

၁၀။ ဦးစီးဌာနသည် ပြည်ပမှတင်သွင်းသော တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို အရည်အသွေးပြည့်မီခြင်းရှိမရှိ၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သောရောဂါပိုး သို့မဟုတ် အဆိပ်အတောက်ပါဝင်ခြင်း ရှိမရှိ စစ်ဆေးရမည်။

၁၁။ ပြည်ပမှ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာ တင်သွင်းခွင့် လိုင်စင် သို့မဟုတ် ပါမစ် ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန၊ အဖွဲ့အစည်းသည် လိုင်စင် သို့မဟုတ် ပါမစ် ထုတ်ပေးခြင်းမပြုမီ ဦးစီးဌာန သဘောထားမှတ်ချက်ကို တောင်းခံရယူရမည်။

၁၂။ ပြည်ပမှတိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာ တင်သွင်းသူသည် ဦးစီးဌာနက သဘောထားမှတ်ချက်ထုတ်ပေးနိုင်ရန် သတ်မှတ်ထားသောပုံစံတွင် ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါတို့ကို ပူးတွဲလျက် ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ပြည်ပမှတင်သွင်းမည့် တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်အထောက်အထားများ၊

(ခ) ပြည်ပမှတင်သွင်းမည့် တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာသည် အရည်အသွေး ပြည့်မီကြောင်းနှင့် ဘေးအန္တရာယ်ဖြစ်စေသော ရောဂါပိုး သို့မဟုတ် အဆိပ်အတောက် ပါဝင်ခြင်းမရှိကြောင်း တင်ပို့မည့်နိုင်ငံမှ ယင်းကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသည့် တိရစ္ဆာန်ဆေးကုဆရာဝန် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်ကထုတ်ပေးသည့် ထောက်ခံချက်၊

(ဂ) ဦးစီးဌာနက ကိစ္စရပ်တစ်ခုချင်းအလိုက်တောင်းခံသည့် အခြားလိုအပ်သော အချက်အလက် အထောက်အထားများ။

၁၃။ ပြည်ပမှ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာတင်သွင်းသူသည်-

(က) ဦးစီးဌာနကသတ်မှတ်ထားသည့် လေဆိပ်၊ သင်္ဘောဆိပ် သို့မဟုတ် စစ်ဆေးရေးစခန်းမှ သာ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကိုတင်သွင်းရမည်။

(ခ) ဦးစီးဌာနက တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာအမျိုးအစားအလိုက် ထုတ်ပြန် ထားသည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ပြည်ပမှတင်သွင်းသည့် တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာ မြန်မာနိုင်ငံသို့ ရောက်ရှိမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ၁၄ ရက် ကြိုတင်၍ ရောက်ရှိမည့်နေ့ရက်နှင့် အချိန်၊ ရောက်ရှိမည့်ဒေသကို ဖော်ပြလျက် ဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ အကြောင်းကြားရမည်။

၁၄။ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အကောက်ခွန်ဦးစီးဌာန တာဝန်ရှိဝန်ထမ်း သည် ကုန်စာရင်းရရှိသည့်အခါ ပြည်ပမှတင်သွင်းသော တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဦးစီးဌာနတာဝန်ခံအရာရှိ သို့ အသိပေးရမည်။

၁၅။ လေယာဉ်မှူး၊ သင်္ဘောကပ္ပတိန်၊ မော်တော်ယာဉ်တာဝန်ခံ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် သယ်ဆောင်လာသူသည်-

(က) မိမိသယ်ဆောင်လာသည့် တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်အစာ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သောပစ္စည်းတခုခုကို ဦးစီးဌာန တာဝန်ရှိတိရစ္ဆာန်ဆေးကုဆရာဝန်၏ ခွင့်ပြုချက် မရဘဲ မြန်မ ာပြည်နယ်နိမိတ်ပိုင်နက်အတွင်း မချရ။

(ခ) မိမိသယ်ဆောင်လာသည့်တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာနှင့်ပတ်သက်သော

စာရွက်စာတမ်းများကို ဦးစီးဌာနတာဝန်ရှိ တိရစ္ဆာန်ဆေးကုဆရာဝန်ထံ ပေးအပ်ရမည်။

(ဂ) သယ်ဆောင်လာသည့်ယာဉ်ပေါ်ရှိတိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာ ထားရှိသောနေရာသို့ ဦးစီးဌာန တာဝန်ရှိတိရစ္ဆာန်ဆေးကုဆရာဝန်က တက်ရောက် စစ်ဆေးခြင်းကို ခံယူရမည်။

(ဃ) သယ်ဆောင်လာသည့်ယာဉ်၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယာဉ်တစ်ခုလုံးကိုဖြစ်စေ ပိုးသတ် သန့်စင်ရန် ဦးစီးဌာန တာဝန်ရှိတိရစ္ဆာန်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) မိမိသယ်ဆောင်လာသည့် တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာသည် အရည်အသွေးပြည့်မီခြင်း မရှိကြောင်းကိုလည်းကောင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သောရောဂါပိုး သို့မဟုတ် အဆိပ်အတောက်ပါဝင်နေကြောင်းကိုလည်းကောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဦးစီးဌာန၏ ပြန်လည်သယ်ယူသွားရန် ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(စ) ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ဦးစီးဌာန တာဝန်ရှိတိရစ္ဆာန်ဆေးကုဆရာဝန်၏ အခြားညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၆။ ပြည်ပမှ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာတင်သွင်းသူသည် ဦးစီးဌာန၏ စစ်ဆေးမှုခံယူရန်အလို့ငှာ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဦးစီးဌာနတာဝန်ရှိဝန်ထမ်းက လိုအပ်သောစစ်ဆေးစမ်းသပ်မှုများပြုလုပ်ရန်နမူနာပစ္စည်းများ ရယူခြင်းကို အခမဲ့ ပေးအပ်ရမည်။

(ခ) ပြည်ပမှတင်သွင်းရောက်ရှိလာသည့် တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ဦးစီးဌာနတာဝန်ရှိ တိရစ္ဆာန်ဆေးကုဆရာဝန်က ခွင့်ပြုသောယာဉ်ဖြင့် သတ်မှတ်သော လမ်းကြောင်းအတိုင်း သတ်မှတ်ထားသည့်နေရာသို့ သယ်ဆောင်ပြီး သီးသန့်ခွဲခြား ထားရမည်။

(ဂ) ပြည်ပမှတင်သွင်းရောက်ရှိလာသည့် တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို သီးသန့်ခွဲခြားထားရှိရန် သတ်မှတ်ထားသည့်နေရာတွင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအထိထားရှိရမည်။

(ဃ) အပိုဒ်ခွဲ (ဂ)ပါအတိုင်း ထားရှိစဉ်ကာလအတွင်း လိုအပ်သောဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ ပိုးသတ်သန့်စင်ခြင်းနှင့် လိုအပ်ချက်အရ ဆောင်ရွက်ရသော အခြားလုပ်ငန်းများအတွက် သတ်မှတ်သည့်အခကြေးငွေကို ပေးဆောင်ရမည်။

(င) အပိုဒ်ခွဲ(ဂ)ပါအတိုင်းထားရှိသော တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ဦးစီး ဌာန တာဝန်ရှိတိရစ္ဆာန်ဆေးကုဆရာဝန်က သတ်မှတ်သည့်နေ့၊ သတ်မှတ်သည့် အချိန်တွင် ပြန်လည်သယ်ယူရမည်။ သယ်ယူရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့်ရက်လွန်ကြေးကိုပါ ပေးဆောင်ရမည်။

၁၇။ ဦးစီးဌာနသည် အပိုဒ် ၁၆၊ အပိုဒ်ခွဲ(င)အရသယ်ယူရန်သတ်မှတ်ထားသည့်ရက်မှ ရက်ပေါင်း ၆၀

ပြည့်သည့်နေ့အထိ ပြည်ပမှတိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာ တင်သွင်းသူက တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို သယ်ယူရန်ပျက်ကွက်ခဲ့လျှင်-

(က) မိမိ၏အစီအစဉ်ဖြင့် တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာအားလုံးကို ရောင်းချနိုင်သည်။

(ခ) အပိုဒ်ခွဲ(က)အရရောင်းရငွေမှ ရရန်ပိုင်ခွင့်ရှိသောအခကြေးငွေများကို ခုနှိမ်ရယူ၍ ပိုငွေကို သာပြည်ပမှတိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာတင်သွင်းသူအား ပြန် လည်ထုတ်ပေးရမည်။

(ဂ) အပိုဒ်ခွဲ(က)အရရောင်းရငွေသည်ရရန်ပိုင်ခွင့်ရှိသော အခကြေးငွေထက်နည်းပါက လိုငွေကို ပြည်ပမှ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာတင်သွင်းသူအား ထပ်မံ ပေးသွင်း စေရမည်။

၁၈။ ပြည်ပမှတိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာတင်သွင်းသူသည်-

(က) ပြည်ပမှတင်သွင်းလာသော တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာသည် အရည်အသွေးပြည့်မီခြင်း မရှိကြောင်းကိုလည်းကောင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုး သို့မဟုတ် အဆိပ်အတောက် ပါဝင်နေကြောင်းကိုလည်းကောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဦးစီးဌာနတာဝန်ရှိဝန်ထမ်း၏ ပြည်တွင်းသို့ ဆက်လက်သယ်ယူခြင်းမပြုရန် တားမြစ်ခြင်း၊ ယာယီထိန်းသိမ်းခြင်း၊ ပြန်လည်ယူသွားစေခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်းနှင့်စပ်လျဉ်း သည့် ညွှန်ကြားချက်တို့ကို လိုက်နာဆောင်ရွက်ရမည်။

(ခ) ပြည်ပမှတင်သွင်းလာသော တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာသည် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်သောရောဂါပိုး သို့မဟုတ် အဆိပ် အတောက်ကင်းရှင်းကြောင်း ဦးစီးဌာနကထုတ်ပေးသည့် ထောက်ခံချက်လက်မှတ်ရရှိမှသာ ပြည်တွင်းသို့ ဆက်လက်သယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရမည်။

(ဂ) ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ဦးစီးဌာနတာဝန်ရှိဝန်ထမ်း၏ အခြားညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၉။ ပြည်ပမှ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာတင်သွင်းသူမည်သူမဆို -

(က) ပြည်ပမှတင်သွင်းသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ဦးစီး ဌာန၏ စစ်ဆေးမှုခံယူရန် ငြင်းဆန်ခြင်း၊ ဦးစီးဌာနကထုတ်ပေးသည့် ထောက်ခံချက် လက်မှတ်မရရှိဘဲပြည်တွင်းသို့ ဆက်လက်သယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချ ခြင်းပြုလျှင် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၂၃ အရ အရေးယူခြင်းခံရမည်။

(ခ) ကူးစက်ရောဂါကာကွယ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက ထုတ်ပြန်သည့်အမိန့် သို့မဟုတ် ညွှန်ကြားချက်ကိုလိုက်နာရန်ပျက်ကွက်လျှင် တိရစ္ဆာန်ကျန်းမာရေး နှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၂၄ အရ အရေးယူခြင်းခံရမည်။

ပုံ/-

(ဗိုလ်မှူးချုပ်မောင်မောင်သိမ်း)
ဝန်ကြီး
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

စာအမှတ်၊ ၁/၁၉၀ (က) / ( ၃၁၇ /၂၀၀၅ )
ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ ဧပြီလ ၇ ရက်

ဖြန့်ဝေခြင်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး
၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး
၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး
၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တရားရုံးချုပ်
၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှေ့နေချုပ်ရုံး
၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော်စာရင်းစစ်ချုပ်ရုံး
၇။ ဝန်ကြီးဌာန ( အားလုံး )
၈။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၉။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
၁၀။ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ( အားလုံး )
၁၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ တက္ကသိုလ် ( အားလုံး )
၁၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
(မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်း ကြေညာပေးပါရန်မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ -

(ကျော်ကျော်ဌေး)
ရုံးအဖွဲ့မှူး